ရန်ကုန်မြို့ ဆူးလေဓမ္မကထိက ဆရာကြီး

ဦးမြင့်သိန်းရေးသားသော

# သောတာပန်လမ်း အလင်းကျမ်း

## ဒုတိယတွဲ

ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်မှ
ပုံနှိပ်ဖြန့်ချိလှူဒါန်းသည်။

၁၃၃၀-ပြည့်နှစ်၊ တပို့တွဲလ၊ ၁၉၆၉-ဇန္နဝါရီလ၊



ဆရာကြီး ဦးမြင့်သိန်း

၁ ၈ ၃/၅ ၄

ရန်ကုန်မြို့ ဆူးလေစေတီတော်ဓမ္မသဘင်၌
တလလျှင်(၈)ကြိမ်ကြ စနေ-တနင်္ဂနွေနေ့ ညစဉ်
ဟောပြောလျက်ရှိသော တရားတော်များကို မင်္ဂလာ-ဖိုလ်ဉာဏ်
အခြေခံရစေခြင်းအကျိုးငှာ၊

## ရန်ကုန်မြို့ ဆူးလေဓမ္မကထိက ဆရာကြီး
## ဦးမြင့်သိန်းရေးသားသော—

# သောတာပန်လမ်း အလင်းကျမ်း
# ဒုတိယတွဲ

ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်မှ
ပုံနှိပ်ဖြန့်ချိလှူဒါန်းသည်။

၁၃၃၀-ပြည့်နှစ်၊ တပို့တွဲလ၊ ၁၉၆၉-ဇန်နဝါရီလ၊

မြဘုရဂုတ်-၁

ဘဝလောက်
ရိုက်နှိပ်သည့်အကြိမ်
ရိုက်နှိပ်သည့်စောင်ရေ

ကြော့ဂ်စိန်
ပထမအကြိမ်
၄၀၀၀

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၃၀၇၁)

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၆၈-မောရဝတီပုံနှိပ်တိုက်
ဦးဖေသန်း မှတ်ပုံတင်အမှတ် (၀၁၃၈) က ရိုက်နှိပ်၍
တောင်ဥက္ကလာပမြို့၊ ၁၂-ရပ်ကွက်၊ အမှတ် ၂၉၁၊ မိဂသီလမ်းနေ
ဦးအုန်း ကင်းလွှတ်ခွင့်အမှတ် (၀၈၁၆) က ထုတ်ဝေသည်။

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှေးဦးစွာသိမြင်ရမည့်အချက်ကြီး ၅-ချက် | ၉ |
| ၂။ | ပြတ်သားစွာသိရမည့် အချက်ကြီး ၃-ချက် | ၁၀ |
| ၃။ | အကြောင်းစစ်အကြောင်းမှန်နှင့် ကာမတဏှာကို ပြခြင်း။ | ၁၄ |
| ၄။ | ဆုံးခမ်းတိုင် အရိယသစ္စာနည်းရှာပုံ | ၁၇ |
| ၅။ | မဂ်ဆိုက်သည်ကို ပြခြင်း။ | ၂၀ |
| ၆။ | လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ကိုပြခြင်း | ၂၃ |
| ၇။ | ၅-လေးလုံးကို ပြဆိုခြင်း | ၂၅ |
| ၈။ | ခန္ဓာဒွယ-အကြောင်းခန္ဓာနှင့်အကျိုးခန္ဓာကိုပြခြင်း | ၂၆ |

# မာတိကာ

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ဝဋ်သုံးပါးကို ပြဆိုခြင်းနှင့် ကိလေသာသုံးမျိုး | ၂၇ |
| ၁၀။ | အဝိဇ္ဇာဖြစ်ပုံကိုပြခြင်း | ၃၆ |
| ၁၁။ | အပိယေဟိ သမ္ပယောဂေဒုက္ခ | ၃၉ |
| ၁၂။ | ပိယေဟိ ဝိပ္ပယောဂဒုက္ခ | ၃၉ |
| ၁၃။ | ယံပစ္ဆံ နလဘတိ ဒုက္ခကိုပြဆိုခြင်း | ၄၀ |
| ၁၄။ | သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခ | ၄၀ |

ထေရဝါဒ သာသနမာမကအဖွဲ့ချုပ်
ကြီး၏

ဦးစီးနာယက ဖြစ်သော
ကျေးဇူးရှင် ဓမ္မကထိက
ဆရာကြီး ဦးမြင့်သိန်း အား
ထေရဝါဒ သာသနမာမကအဖွဲ့ချုပ်
ကြီး၏
တောင်းပန်-လျှောက်ထား
ပန်ကြားချက်အရ

# ဤ''သောတာပန်လမ်း အလင်းကျမ်း''

## ဒုတိယတွဲကို

ရေးပေးခြင်းဖြင့် တုတ်ဝေ အပ်ပါသတည်း

နိကာယဆောက- နိကာယအတ္ထ

ကောဝိဒ- နိကာယဂန္ထဘာဏက

ဝိပဿနာ- ဥာဏစရိယ- ထေရဝါဒ

သမ္မာပထ-ဝိဘဇ္ဇဝါဒီ ဖြစ်သော

ရန်ကုန်မြို့

ဆူးလေ ဓမ္မကထိက

ဆရာကြီး ဦးမြင့်သိန်း

ရေးသားစီစဉ်အပ်သော

# သောတာပန်လမ်း၊ အလင်းကျမ်း

## ဒုတိယတွဲ

ဓမ္မမိဆွေ ယောဂီအပေါင်းတို့

**ဤသာသနာတော်၏ ပန်းလမ်းအလင်းကို**

သဘောမပေါက်မခြင်း
အထပ်ထပ်အခါခါဖတ်ပါ၊ စောန့်ပါ၊ သုံးသပ်ပါ၊
သဘောပေါက်ထင်မြင်သိလာခြင်းဖြင့်
သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို
ရ၍
မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်ရောက်ပါစေသော်

ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်

# သောတာပန်လမ်း အလင်းကျမ်း

## ဒုတိယတွဲ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဏာမဝန္ဒနာ

နမတ္ထု မေ ဂမ္ဘီရာဗုဒ္ဓဉာဏဿ။

နမတ္ထု မေ ဒေသနာဂမ္ဘီရဓမ္မဿ။

ဇယတ္ထု မေ အန္တရာယာန္တရာယဿ။

ပူရတ္ထု မေ ဣစ္ဆိတာဣစ္ဆိတဿ။

## ရှေးဦးစွာသိမြင်ရမည့် အချက်ကြီး (၅)ချက်။

အဘယ်သို့ သိမြင်ရမည်နည်း။

၁။ ပရမတ္ထအနိစ္စနှင့် ဘဝသစ်ကို တောင့်တမြော်ခေါ် စွဲလန်းသော ဥပါဒါန် သင်္ခါရအနိစ္စ နှစ်ပါးကို ကွဲကွဲ ပြားပြားသိမြင်ရမည်။

၂။ ပရမတ္ထဒုက္ခနှင့် အနာဂတ် ဘဝသစ်ကို တောင့်တ မြော်ခေါ် စွဲလမ်းသော ဥပါဒါန်သင်္ခါရဒုက္ခနှစ်ပါးကို ကွဲ ကွဲ ပြားပြား သိမြင်ရမည်။

၃။ ပရမတ္ထအနတ္တနှင့်အနာဂတ်ဘဝသစ်ကို တောင့်တ မြော်ခေါ် စွဲလန်းသော ဥပါဒါန်မိစ္ဆာဝမ္မာရုံအနတ္တနှစ် ပါးကို ကွဲကွဲ ပြားပြားသိမြင်ရမည်။

၄။ ပရမတ္ထ သမုဒယနှင့် အနာဂတ်ဘဝသစ်ကိုတောင့် တ မြော်ခေါ်သော ဥပါဒါန်သမုဒယကို ကွဲကွဲ ပြား ပြား သိမြင်ရမည်။

၅။ ပရမတ္ထနိရောဓနှင့် အနာဂတ်ဘဝသစ်ကိုတောင့်တ မြော်ခေါ်သော ဥပါဒါနက္ခန္ဓာ တဏှာနိရောဓ နှစ်ပါး ကို ကွဲကွဲပြားပြား သိမြင်ရမည်။

ဤ(၅)ချက်သည် နိဗ္ဗာန်မဂ်ဖိုလ်ကို လိုလားသောသူမှန်သမျှ ကွဲကွဲပြားပြား ခြားခြားနားနား သိမြင်ထားမှသာ ခန္ဓာဒွယကို နားလည်၍ အဘိဓမ္မပဒဘာဇနီနှင့် သုတ္တန္တပဒဘာဇနီ နှစ်ပါးတို့

ကိုလည်းနားလည်မည်။ သို့မဟုတ်ပါက တောသိတောင်သိနှင့် အသိတွေများပြီး(ငါးသိုင်းများလျှင်ဟင်းဟု ) ဖြစ်တတ်ချေ၏။

မဂ်တရားဖိုလ်တရား၊ နိဗ္ဗာန်တရားများသည် လွယ်လွယ်နှင့် ရနိုင်ရောက်နိုင်သော တရားများမဟုတ် ဟူ၍ရင်း၊ လွယ်လွယ်နှင့် ရနိုင် ရောက်နိုင်သော တရားများသာ ဖြစ်သည် ဟူ၍ရင်း၊ စကားနှစ်ခွဥဒါန်းတင်ခဲ့၏။ လွယ်မလွယ် နှစ်ပါးလုံးပင် မညင်းသာပေ၊ အဘယ့်ကြောင့်နည်း ? မလွယ်ပါဟုဆိုသော စကားသည် ဝေ့လည်လည်ဆရာများနှင့် တွေ့ခဲ့ပါက မလွယ်ဟု မှတ်ပါ၊ ကွက်ကွက်ကွင်းကွင်းဉာဏ်မြင်ရှင်း၍ အလင်းသို့ဆိုက်ရောက်ပြီးသော ဆရာများနှင့် တွေ့ရှိပါက လွယ်သည်ဟုမှတ်ပါ။

## ပြတ်သားစွာသိရမည့် အချက်ကြီး(၃)ချက်

၁။ ပဋ္ဌာန်းအဘိဓမ္မာနည်း။

၂။ ပဋိစ္စ သမုပ္ပါဒ်နည်း။

၃။ အရိယသစ္စာနည်း။

ဟူ၍ (၃)မျိုးရှိခဲ့ရာတွင်—

၁။ ပဋ္ဌာန်းအဘိဓမ္မာနည်းသည်အလုံးစုံသောပရမတ္ထတရားတို့ကို သဘာဝ(၂၄)ပါး ခွဲဝေ၍အကျိုးထရားနှင့် အကြောင်းတရားတို့၏ ဆက်လက်ပုံကို ဟောတော်မူသော ဒေသနာတော်ဖြစ်သည်။ ဤပဋ္ဌာန်းအဘိဓမ္မာ နည်းအတိုင်းယူလျှင် အဘိဓမ္မာသဘောအားဖြင့် မှန်သည့်ကြီးပင်ဖြစ်၏။

သာဓကပြရလျှင် စက္ခုနှင့်ရူပါရုံတို့ ထိခိုက်သောအခါ "ရူပံ အဘိနန္ဒတိ" ရူပံ၊ ရူပါရုံကို။ အဘိနန္ဒတိ၊ သာယာနှစ်သက်၏။ ဤပါဠိအရ ရူပါရုံကိုသာယာနှစ်သက်သည်ဟု ဆိုသဖြင့် ရူပါရုံကား....အာရမ္မဏပစ္စည်းဖြစ်၍ သာယာနှစ်သက်သော တဏှာသည် ပစ္စယုပ္ပန်ဖြစ်လေသည်၊ သည်တော့ ရူပါရုံက အကြောင်းတရားဖြစ်၍ သာယာနှစ်သက်သောတဏှာက အကျိုးတရား ဖြစ်နေသည်။

ဤပဋ္ဌာန်းအဘိဓမ္မာနည်းသည်၊ အရိယသစ္စာနည်းနှင့် ဝေဘန်လျှင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသည်။ ဆန့်ကျင်ဘက်ဖြစ်သော်လည်း မှားသည်ဟု မယူနှင့်၊ အဘိဓမ္မာနည်းမှာ အဘိဓမ္မာနည်းအတိုင်းမှန်သည်။ ပဝတ္တိ၌ အကြောင်း သာမည ဖြစ်၍ အကျိုးမှာလည်း ပဝတ္တိအကျိုးဖြစ်လေသည်။ "ဣဒါနိ ဖလပဉ္စကံ" ဟု ဟောတော်မူသည်၊ ဤပရမတ္ထခန္ဓာကြီးတခုလုံး အကျိုးတရားဖြစ်သောကြောင့် အကျိုးခန္ဓာကြီးမှ အကျိုး အကြောင်း ဆက်လက်ပုံကို ဟောတော်မူသော ဒေသနာတော်ကြီးဖြစ်၍ မှန်သည်ဟုမှတ်ပါ။

ယခုခေတ်အလုပ်လုပ်သည်ဟုဆိုသော စကားမှာ၊ ဤအဘိဓမ္မာနည်းဖြစ်သည်၊ မှားသည်ဟူ မဆိုနှင့်၊ ပဝတ္တိ၌ သာယာနှစ်သက်မှု ချုပ်ငြိမ်းရန်အတွက်ဖြစ်သည်။ အနာဂတ်အတွက် ဇာတိ ဒုက္ခချုပ်ငြိမ်းရန်မဟုတ်သေး၊ အနာဂတ်အတွက် ဇာတိဒုက္ခ ချုပ်ငြိမ်းရန်မှာ ဓမ္မစကြာမှာလာသည့်အတိုင်း ကာမ တဏှာ,

ဘဝတဏှာ, ဝိဘဝတဏှာ စသော တဏှာ (၃)မျိုး ချုပ်ငြိမ်းအောင် လုပ်မှသာလျှင် နိရောဓသစ္စာဆိုက်၍ အနာဂတ် ဘဝ၌ ဇာတိဒုက္ခချုပ်ငြိမ်းမည်ဖြစ်လေသည်။ "ဇာတိဒုက္ခဲ့တဏှာမူလကော" အနာဂတ်ဘဝ၌ ဇာတိဒုက္ခ ဖြစ်ရခြင်းသည် ယခုပစ္စုပ္ပန်၌ တဏှာ(၃)ပါးသည် အကြောင်းတရားအစစ် "သမုဒယသစ္စာ" ဖြစ်လေသည်၊အဘိဓမ္မာနည်းနှင့် ဟောတော်မူသော အကြောင်းတရားသည်၊ အကြောင်းသာမည် သမုဒယသာ မည်၏၊ သစ္စာမမည်။

သမုဒယအနေနှင့် သစ္စာ မမည်သော်လည်း ဒုက္ခ အနေနှင့် သစ္စာမည်၏ဟု ခွဲ၍မှတ်ပါလေ။ ထို့ကြောင့်—

> သမုဒယော သမုဒယသစ္စန္တိ၊ သမုဒယသစ္စံ ဥပေတွာ
> အဝသေသော သမုဒယော၊ နသမုဒယသစ္စံ။ ။
> သစ္စယမိုက်

သမုဒယော၊ အကြောင်းဟူသမျှသည်။ သမုဒယသစ္စန္တိ- အနာဂတ်ဘဝ၌ ဇာတိဒုက္ခ ဖြစ်စေနိုင်သော အကြောင်း မှန်ပါသလော?

သမုဒယသစ္စံ၊ အနာဂတ်ဘဝ၌ ဇာတိဒုက္ခဖြစ်စေနိုင်သော အကြောင်းတရား အမှန်ကို။ ဥပေတွာ၊ ဖယ်ထား၍။ အဝသေသော၊ ကြွင်းသောအကြောင်း သာမည ဟူသမျှသည်။ သမုဒ

ယော၊ အကြောင်းသာမည သာမည်၏။ နသမုဒယသစ္စ ၊ အနာ ဂတ်ဘဝ၌ ဇာတိဒုက္ခ ဖြစ်စေနိုင်သော အကြောင်းမဟုတ်။ ဒုလ္လဘတ္တအနက် သဘောပေါက်အောင်အရဆောင်ထား။ ။

(ဆောင်)ကြောင်းသာမည၊ ကြောင်းကျိုးပြ။ မှတ်ကြဘိမ္မာ။

ဤပဋ္ဌာန်းအဘိဓမ္မာနည်းသည်၊ ငယ်, လတ်, ကြီး, ကျော်, စသော စာသင်သားများ အတွက် အလျော်ကန်ဆုံးသောနည်း ဖြစ်သည်။

၂။ ပဋိစ္စသမုပ္ပာဒ်နည်းမှာ၊ ဖဿပစ္စယာဝေဒနာ, ဝေဒနာ ပစ္စယာတဏှာဟု ဟောတော်မူပြန်သောကြောင့်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်ဟု ဆိုသဖြင့် ဝေဒနာ က အကြောင်းတရား၊ တဏှာက အကျိုးတရား ဖြစ်၍ နေမြန် သည်၊ ဤနည်းသည်လည်း ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်နည်း ဖြစ်၍ မှားသည်ဟုမဆိုသာ၊ စက္ကုပဋိစ္စသမုပ္ပာဒ်တွင် ပစ္စက္ခမြင် ဆဲခဏ၌အကျိုးခန္ဓာအတွက် ဟောတော်မူသော ဒေသနာသော် ကြီးဖြစ်လေသည် “အတီတေ ဟေဘဝေါပဥ္စ”ကို သာတိပြုပါ လေ၊ အတိတ်အကြောင်း(၅)ပါးကြောင့်“ဣဒါနိ ဖလပဉ္စကံ” ယခုပစ္စက္ခ၌ အကျိုး(၅)ပါး ရလာသည်ဟုမှတ်ပါ။ ဤအကျိုး (၅)ပါးထဲမှ “ဝေဒနာပစ္စယာ တဏှာ”ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ဝေဒနာက အကြောင်း၊ တဏှာကအကျိုး ဖြစ်သည် ဟု ဆိုလိုသည်။ ယင်းဝေဒနာသည်လည်း အနာဂတ်ဘဝ၌ ဇာ တိဒုက္ခဖြစ်စေနိုင်သော အကြောင်း တရားမဟုတ်၊ အကြောင်း သာမညဟု ဆိုအပ်၏။

## အကြောင်းစစ်အကြောင်းမှန်

၃။ ယခင်ယမိုက်ပါဠိတော်ကြီးမှ ပြခဲ့သည့်အတိုင်း အနာဂတ်ဘဝ၌ ဇာတိဒုက္ခကို မဖြစ်နိုင်သော အကြောင်း သာမည သမုဒယ,။ အနာဂတ်ဘဝ၌ဇာတိဒုက္ခကို ဖြစ်စေနိုင်သော အကြောင်းစစ် အကြောင်းမှန် သမုဒယတဏှာ, ယင်းသမုဒယ အကြောင်းမှန်တဏှာကိုသာလျှင် သတ်ရမည်ဖြစ်သောကြောင့် ကိလေသဝဋ္ဋနှင့်ကမ္မဝဋ္ဋနှစ်ပါး ကိန်းအောင်း၍ နေသော၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ,သုံးပါးကိုသာလျှင် မျိုးပြုတ်အောင် သတ်ရမည်မှတ်ပါ။

## ကာမတဏှာကိုပြခြင်း

၁။ ယော ဘိက္ခဝေရူပံ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ၊ ဒုက္ခံ အဘိနန္ဒန္တော၊ အပရိမုတ္တော ဒုက္ခသ္မာ တိ ဝဒါမိ။

### ခန္ဓဝဂ္ဂသံယုတ်

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်တရားအစုကို။ အဘိနန္ဒတိ၊ ကာမုပါဒါန်ဖြင့် စွဲလမ်း၍နေ၏။ သော၊ ထိုစွဲလမ်းသော သူသည်။ ဒုက္ခံ၊ ပရမတ္ထ အကျိုးဒုက္ခနှင့် သခင်္ခါရ အကြောင်းဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက်၍နေသည်မည်၏။ ဒုက္ခံ၊ အမျိုးမျိုးသောဒုက္ခကို။ အဘိနန္ဒန္တော၊ နှစ်သက်၍နေသည်ရှိသော်။ဒုက္ခသ္မာ၊ ဘေးဒုက္ခအမျိုးမျိုးမှ။ အပရိမုတ္တော၊ ဒုက္ခကြော့ကွင်းကြီးမှ မလွတ်မြောက်နိုင်ဟူ၍။အဟံ၊သင်တို့ဆရာငါဘုရားသည်။ ဝဒါမိ၊ ဟောဘော်မူ၏။

၂။ ယောဘိက္ခဝေ ဝေဒနာအာဘိနန္ဒတိ။ ပ ။ဝဒါမိ။

၃။ ယောဘိက္ခဝေ သညာအာဘိနန္ဒတိ။ ပ ။ဝဒါမိ။

၄။ ယောဘိက္ခဝေ သင်္ခါရာ အာဘိနန္ဒတိ။ ပ ။ဝဒါမိ။

၅။ ယောဘိက္ခဝေ ဝိညာဏံ အာဘိနန္ဒတိ။ ပ ။ဝဒါမိ။

ခန္ဓဝဂ္ဂသံယုတ်

ဤကား....ပရမတ္ထ အကျိုးဖြစ်သော ခန္ဓာငါးပါးကို ဟောတော်မူ၏။ ယင်းခန္ဓာငါးပါးနှင့် တိုက်ဆိုသောအခါ တဏှာဖြင့် သာယာရွှန်းအိ၊ ပီတိစိမ့်စိမ့်၊ တဖိန့်ဖိန့်နှင့် သိမ့်သိမ့်တုန် ရိုက်တီး၍ တဏှာရှူးကြီးရှူးရသောအခါမှာ အကျိုးဒုက္ခနှင့် အကြောင်းဒုက္ခတို့ကို နှစ်သက်နေသည်မည်၏။ ဤကဲ့သို့တဏှာယစ်မူး၍ရာဂ ရှူးကြီးဖြစ်၍နေလျှင် အနန္တလောကဓာတ်ကြီး တခုလုံး၌ မိမိ၏ ခြေရာခြင်းထပ်၍သာ နေမည်ဖြစ်၏။

၂။ တဏှာဝေဒနာ၊

၃။ တဏှာသညာ၊

၄။ တဏှာသင်္ခါရ၊

၅။ တဏှာဝိညာဏ၊

တို့နှင့်လည်း ဧသောဝနယောပင်တည်း။

ဘဝတဏှာသည် သဿတဒိဋ္ဌိနှင့်ယှဉ်၏။

ဝိဘဝတဏှာသည် ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်၏။ ထို့ကြောင့်—

သဿတဒိဋ္ဌိသဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ။

ဥစ္ဆေဒဒိဋ္ဌိသဟဂတော ဟိရာဂေါ ဝိဘဝတဏှာတိ ဝုစ္စတိ။

သမ္မောဟဝိနောဒနီအဋ္ဌကထာ
တဏှာနိဒ္ဒေသ။ အနက်လွယ်၏။

အဇ္ဈတ္တရူပ–အဋ္ဌာရသ–၁၈-ပါး။) သဏ္ဌာန်-၂-ပါး။၃၆။
ဗဟိဒ္ဓ ရူပ–အဋ္ဌာရသ–၁၈-ပါး။)

အတီတေ ဆတ္တိံသ- ၃၆-ပါး)
အနာဂတာ ဆတ္တိံသ- ၃၆-ပါး) အဋ္ဌသတံဘဏှာ(၁၀၈)
ပစ္စုပ္ပန္နာ ဆတ္တိံသ- ၃၆-ပါး)

[ဆောင်]တဏှာသုံးတန် အရင်းခံ၊အာ-ကာ-သန်နှင့်မြွက်။
တဏှာအစစ် တရာ့ရှစ်၊ ဖြစ်၏အရကောက်။

ဤပြဆိုအပ်ခဲ့ပြီးသည်တို့ကား....အရိယသစ္စာနည်း၌ တဏှာ သတ်ရန်အတွက် ညွှန်ပြခြင်းဖြစ်သည်။ သို့မှသာ ဇာတိဒုက္ခ ချုပ် နိုင်သည်၊ တဏှာသတ်သောအခါ ရှေးဦးစွာ သဿတဒိဋ္ဌိ၊ တ ဆယ့်ရှစ်ပါး၊ ဥစ္ဆေဒဒိဋ္ဌိ လေးဆယ်လေးပါး၊ ယင်း(၆၂)ပါး သော သက္ကာယဒိဋ္ဌိကို ဖြုတ်ပြီးမှ တဏှာကိုသတ်ရသည်။ သက္ကာ ယဒိဋ္ဌိ မဖြုတ်ဘဲ တဏှာကို တက်သတ်လျှင် အနုသယ အမြစ်မ ပြတ်၍ နိဗ္ဗာန်တည်းဟူသော "မဟာအမတ" ကြီးနှင့် လွဲမည် ဟုသာ မှတ်ပါလေ။

## ဆုံးခမ်းတိုင် အရိယ သစ္စာနည်း ရှုပုံ

ယေ ဓမ္မာ ဟေတု ပဘဝါ။

ယေဓမ္မာ၊ အကြင်အကျိုးတရားတို့သည်။ ဟေတုပဘဝါ၊ အကြောင်းဟိတ်ကြောင့်သာ ဖြစ်ကြကုန်၏။

လွယ်လွယ်နှင့်သိလိုလျှင် ၅-လေးလုံးကို သတိပြုရပေမည်၊ ၅-လေးလုံးဆိုသည်မှာ ချင်းရာနှစ်ဆယ်ကို ခေါ်သည်။

၁။ အတီတေ ဟေတဝေါ ပဉ္စ=အတိတ်အကြောင်း၅-ပါး။

၂။ ဣဒါနိ ဖလပဉ္စကံ ယခုပစ္စုပ္ပန် အကျိုး ၅-ပါး။

၃။ ဣဒါနိဟေတဝေါ ပဉ္စ-ယခုပစ္စုပ္ပါန်အကြောင်း၅-ပါး။

၄။ အာယတိံ ဖလပဉ္စကံ အနာဂတ် အကျိုး ၅-ပါး။

ချင်းရာ(၂၀) အလွှာ(၄)ခု။

၁။ ဟေတုဖလသန္ဓိ-အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး စပ်သည်။

၂။ ဖလ ဟေတုသန္ဓိ-ပစ္စုပ္ပာန် အကျိုးနှင့် ပစ္စုပ္ပာန် အကြောင်းစပ်သည်။

၃။ ဟေတုဖလသန္ဓိ - ပစ္စုပ္ပာန်အကြောင်းနှင့် အနာဂတ် အကျိုး စပ်သည်။

အစပ်(၃)ပါး။

အာကာရဟေတု - အကြောင်းချင်းရာမှာ ဓမ္မပဋိသမ္ဘိဒါ။

အာကာရဖလ - အကျိုးချင်းရာ အတ္ထပဋိသမ္ဘိဒါ။

၁။ ဟေတုမှိဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

အကြောင်းတရားကို သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။

၂။ ဟေတုဖလေဉာဏံ အတ္ထပဋိသမ္ဘိဒါ။

အကြောင်းကြောင့်ဖြစ်သော အကျိုးတရားကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မသ၏။

၃။ ဓမ္မနိရုတ္တာဘိလာပေဉာဏံ နိရုတ္တိ ပဋိသမ္ဘိဒါ။

အက္ခရာအစဉ် သဒ္ဒါအစဉ်ကို သိသော ဉာဏ်သည် နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်မည်၏။

၄။ ဉာဏေသုဉာဏံ ပဋိဘာန ပဋိသမ္ဘိဒါ။

အကြောင်းတရား
အကျိုးတရား
အက္ခရာအစဉ်
) ဤဉာဏ်သုံးပါးကို သိသော ဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် မည်၏။

၁။ ဇာတိယာဉာဏံ အတ္ထပဋိသမ္ဘိဒါ။

အနာဂတ်၌ အမိဝမ်းတွင်း ကိန်းအောင်းရခြင်းတည်း ဟူသော ဇာတိဒုက္ခကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။

၂။ ဇာတိသမုဒယေဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

အမိဝမ်းတွင်း ကိန်းအောင်းရခြင်းဟု ဆိုအပ်သော ဇာတိ၏ အကြောင်းသည် တဏှာပင်တည်း ဟုသိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။

၃။ ဇာတိနိရောဓေဉာဏံ အတ္ထပဋိသမ္ဘိဒါ။

ဇာတိချုပ်ငြိမ်းခြင်းကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။

၄။ ဇာတိနိရောဓဂါမိနိယာ ပဋိပဒါယဉာဏံ ပဋိသမ္ဘိဒါ။

ပဋိသန္ဓေ ဇာတိချုပ်ငြိမ်းနိုင်သော ဝိပဿနာလုပ်ငန်းပဋိပတ်ကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။

ဤပါဠိစုတို့ကား—ဝိသင်း ပါဠိတော်၌ လာသော သာဓကပါဠိများ ဖြစ်ပေသည်။

ယင်းကဲ့သို့ ပဋိသမ္ဘိဒါလေးပါးနှင့် ခွဲဝေ၍သိသောဉာဏ်တို့သည် အရိယသစ္စာနည်း၌ အသုံးဝင်သောဉာဏ်တို့မည်ကုန်၏။ ထို့ကြောင့် အသျှင်သာရိပုတ္တရာသည်'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဟု အသျှင်အဿဇိဟောတော်မူသော ဒေသနာဖြင့် အကြောင်းနှင့် အကျိုးတရားကို သိသွားသောကြောင့် အကြောင်းတရားသည် အကြောင်းမဖြစ်၊ အကျိုးသာဖြစ်၏ဟူသော အယူကို ယူသဖြင့် (ဆက်မှား)သဿတဒိဋ္ဌိပြုတ်လေသည်။ အကြောင်းသည် ပြတ်မသွား၊ အကျိုးဖြစ်သေး၏ဟု ယူသဖြင့်(ပြတ်မှား)ဥစ္ဆေဒဒိဋ္ဌိပြုတ်လေသည်။

၁။ သဿတဒိဋ္ဌိပြုတ်လျှင် သဿတဒိဋ္ဌိနှင့် ယှဉ်သော ဘဝတဏှာမှာ အမြစ်ပါပြုတ်လေသည်။

၂။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်လျှင် ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော ဝိဘဝတဏှာမှာလည်း အမြစ်ပါပြုတ်လေသည်။

၃။ မိမိ၏အယူသည်အမှားနှင့်အမှန်ကို ယုံမှားသံသယ မရှိသောကြောင့် ဝိစိကိစ္ဆာမှ လွတ်မြောက်လေသည်။

၄။ ထိုင်ကျင့် ထကျင့် စသော ပင်ပန်းသော အတ္တကိလမထခေါ် 'ဝတ' အကျင့်မျိုးတွေလဲ အမြစ်ပါ ကျွတ် သွား သောကြောင့် 'သီလဗ္ဗတပရာမာသ' အယူတွေလဲ ပြုတ်သွားတော့သည်။

သီလ+ဝတ+ပရာမာသ—ပုဒ်ဖြတ်။

သီလ=အလေ့အကျင့်၊

ဝတ=ပင်ပမ်းသော အတ္တကိလမထ၊

ပရာမာသ=သုံးသပ်ခြင်း။ ။ဝ–ကို ဗထက်ချိတ်ပြုကပ်။

၁။ အကြောင်းကို သိတာက သမုဒယသစ္စာတဲ့။

၂။ အကျိုးကိုသိတာက ဒုက္ခသစ္စာဘယာ။

၃။ အကြောင်းချုပ်၍၊ အကျိုးမဖြစ်သည်ကို သိတာက နိရောဓသစ္စာ။

၄။ အကြောင်းချုပ်ငြိမ်းရန် လုပ်ငန်းဖြစ်သော ဝိပဿနာဉာဏ်ကိုသိတာက မဂ္ဂသစ္စာ ဖြစ်လေသည်။

## မဂ်ဆိုက်သည်ကို ပြခြင်း

သောတာပတ္တိ မဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတိ။ ။ပဋိသမ္ဘိဒါမဂ်။

သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ် ခဏ၌၊ ဒဿနဋ္ဌေန၊ အမှန်တရားကို မြင်ခြင်းတည်း ဟူသော အနက် သဘောကြောင့်၊ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော အယူသည်၊ ဝါ၊ အမြင်မှန်ကို ရခြင်းသည်၊ မိစ္ဆာဒိဋ္ဌိယာ၊ မှားယွင်းသောအယူမှ၊ ဝုဋ္ဌာတိ၊ ထ၏။ ဝါ၊ မှားသော အယူမှ ထွက်မြောက်၏၊ လွတ်၏။ ။ဤကား မဂ်စိတ်တည်း။ ။

(တဒနုဝတ္တက ကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။)

ပဋိသမ္ဘိဒါမဂ်။

တဒနုဝတ္တကကိလေသေဟိ စ၊ ထိုမိစ္ဆာဒိဋ္ဌိ အယူမှားသို့ အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာတို့မှရင်း၊ ခန္ဓေဟိ စ၊ ဒိဋ္ဌုပါဒါနက္ခန္ဓာတို့မှရင်း၊ ဝုဋ္ဌာတိ၊ ထ၏။ ဝါ၊ လွတ်မြောက်၏။ ။ ဤကား ဖိုလ်စိတ်တည်း။

ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ၊
သမ္မာဒိဋ္ဌိ မဂ္ဂဿေတံဖလံ။ ။ပဋိသမ္ဘိဒါမဂ်။

ဗဟိဒ္ဓါ စ၊ အပြင်အပဖြစ်ကုန်သော၊ သဗ္ဗနိမိတ္တေဟိ စ၊ အလုံးစုံသော သင်္ခါရ နိမိတ်တို့မှလည်း၊ ဝုဋ္ဌာတိ၊ ထ၏လွတ်မြောက်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တံ၊ ထိုသမ္မာဒိဋ္ဌိသည်၊ မဂ္ဂဿ၊ သောတာပတ္တိမဂ်၏၊ ဖလံ၊ အကျိုးတည်း။ ။ ...န ဤကား—ဖိုလ်စိတ်ပင်တည်း။ ။

၁၀၂၅၆

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

မဂ္ဂေါတိ ကေနဋ္ဌေန မဂ္ဂေါ
သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ
မိစ္ဆာဒိဋ္ဌိယာ ပဟာနာယ မဂ္ဂေါစေဝ ဟေတုစ။
နိရောဓေပတိဋ္ဌာပနာယ မဂ္ဂေါစေဝ ဟေတုစ။

ပဋိသမ္ဘိဒါမဂ်။

မဂ္ဂေါတိဧတ္ထ၊ ဤမဂ်ဟူသော စကားရပ်၌။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ မဂ္ဂေါ၊ မဂ်မည်သနည်း။

သောတာပတ္တိ မဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ ဒဿနဋ္ဌေန၊ အမှန်ကိုမြင်သောသဘောအားဖြင့်။ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော အယူသည်။ မိစ္ဆာဒိဋ္ဌိယာ၊ မှားယွင်းချွတ်ချော်သော အယူကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ မဂ္ဂေါစေဝ၊ မဇ္ဈိမပဋိပဒါ ကျင့်စဉ် လမ်းလည်း မည်၏။ ဟေတုစ၊ အကြောင်းတရားလည်း မည်၏။ နိရောဓေ၊ နိရောဓသစ္စာ၌၊ ပတိဋ္ဌာပနာယ၊ တည်စေခြင်းငှာ။ မဂ္ဂေါစေဝ၊ အကျင့်လမ်းလည်းမည်၏။ ဟေတုစ၊ ဆိုက်ရောက်စေတတ်သော အကြောင်းလည်းမည်၏။

ဤကဲ့သို့ အခိုင်အမာ ကျမ်းလာအာဂမ၊ သဘာဝနှင့် မဂ်ဆိုက်သည်ဆိုသော စကားကိုပြရလျှင်....

၁။ လူလမ်း၊ ကမ္မဿကတသမ္မာ ဒိဋ္ဌိမဂ်၊
၂။ နတ်လမ်း၊ ကမ္မဿကတသမ္မာ ဒိဋ္ဌိမဂ်၊
၃။ ဗြဟ္မာလမ်း၊ ဈာနသမ္မာ ဒိဋ္ဌိမဂ်၊
၄။ အပါယ်လမ်း၊ အပါယမိစ္ဆာ ဒိဋ္ဌိမဂ်၊

ဤလေးပါးသောမဂ်တို့သည် လောကီမဂ်မည်၏။ ဒါန၊သီလ၊ တို့ကို စေတနာသုံးတန် ပြတ်ငြှာန်း၍ပြုလျှင် လောကီမဂ်ဆိုက် တော့သည်သာမှတ်ပါ။

## လောကုတ္တရာ သမ္မာဒိဋ္ဌိ မဂ်ကိုပြခြင်း

ဤမဂ်သည် စတုသစ္စ သမ္မာဒိဋ္ဌိမဂ်မည်၏။ ရှင်း၍ပြအုံးမည်။ နောက်ပိုင်းက ပြခဲ့သောစကားတို့တွင် သမုဒယသစ္စာ၊ မမ္မ ပဋိသမ္ဘိဒါ၊ အကြောင်း ဟေတုကြောင့်၊ ဒုက္ခသစ္စာ အတ္ထပဋိ သမ္ဘိဒါအကျိုး ဖလဖြစ်၏။

မဂ္ဂသစ္စာ၊ ဓမ္မပဋိသမ္ဘိဒါအကြောင်း ဟေတုကြောင့် နိဗ္ဗာန သစ္စာ၊ အတ္ထပဋိသမ္ဘိဒါ အကျိုးဖလဖြစ်၏။ ယင်းသစ္စာလေး ပါးကို ဒွယကွဲလျှင် စတုသစ္စ သမ္မာဒိဋ္ဌိမဂ်သို့ ဆိုက်ရောက်သည် မည်၏။ မဂ္ဂသဒ္ဒါလမ်းကိုဟောသည်။ ဝိုးခန့်၊ ဝင်းခန့်၊ အေးခန့် ဖိုခန့်၊ ဆိုတဲ့ စကားတွေသည် တက္က—ကြံစီ စိတ်ကူး မျှသာ ဖြစ်သည်။

## မြဲမြန်သော ဒိဋ္ဌိကရဏကိုပြခြင်း

စောဒက မတက်နိုင်အောင် ခိုင်ခိုင်မာမာ ဆိုသည်ကို ဒဠှယ ခေါ်သည်၊ ယင်းဒါဠှီယစကား ဆိုထားသည်ကို၊ သူတပါး ပရ ဝါဒီကလှုပ်ချောက်ချားခြင်း၊ မပြုလုပ်နိုင်အောင် အထောက် အထား အကိုးအကား သာဓကအဖုံဖုံတို့ဖြင့် ခိုင်လုံသည်ထက် ခိုင်လုံအောင် အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့ဖြင့် တွက်ပြသည်

ကို "ဒဠ္ဌိကရဏ" ခေါ်သည်၊ အခိုင်အမာ ပြုခြင်းကို ဆိုသည်။ ထို့ကြောင့် အကြင်ဝါကျသည်၊ မိမိက အထောက်အထား ခိုင်လုံစွာဖြင့်၊ ဆိုခဲ့သောစကားကို သူတပါးက မလှုပ်ချောက်ချားနိုင်အောင် ကြားဝင် မစွက်နိုင်အောင် စောဒက မတက်နိုင်အောင် ကျမ်းအကိုး အကား ခိုင်လုံစွာပြဆို၍၊ အာဂမကိုသဘာဝယုတ္တိနှင့် မဆန့်ကျင်အောင်ပြလျှင် "ဒဠ္ဌိကရဏဝါကျ"ဟု ခေါ်သည်။ ထို့အတူ ယခုပြခဲ့သော ကျမ်း အကိုးအကားအထောက် အထားတို့သည် ခိုင်မြဲသော "ဒဠ္ဌိကရဏဝါကျ" မျိုးဖြစ်သဖြင့် မည်ကဲ့သို့သော စောဒကကို တက်ကြအံ့နည်း။

မှတ်ချက်။ ။မဂ်စိတ်သည် ပဋိသမ္ဘိဒါ ဉာဏ်နှင့် တကွ သစ္စာလေးပါးကို၊ ဤကားအကျိုးသစ္စာ၊ ဤကား အကြောင်းသစ္စာ၊ ဤကားအကျိုးဒုက္ခ၊ ဤကားအကြောင်းဒုက္ခ၊ ဤကားအကျိုးအနိစ္စ၊ ဤကား အကြောင်း အနိစ္စ၊ အကျိုး အနတ္တ၊ အကြောင်းအနတ္တ၊ အကျိုးသင်္ခါရ၊ အကြောင်း သင်္ခါရ ၊အကျိုးနိရောဓ၊ အကြောင်းနိရောဓ၊ စသော ဒွယတရားတို့ကို ပဋိဝေဓဉာဏ်ဖြင့် ထိုးတွင်းသိမြင်လျှင်၊ဤသာသနာတော်၌ အမြင်မှန်ရသော၊ သောတာပတ္တိမဂ်ဉာဏ်သို့မြေကြီးလက်ခတ်မလွဲ ဆိုက်မည်မှတ်ပါလေ။

## (၅) လေးလုံးကို ပြဆိုခြင်း

၁။ အတိတ်အကြောင်း ၅-တလုံး၊
၂။ ပစ္စုပ္ပန်အကျိုး ၅-တလုံး၊
၃။ ပစ္စုပ္ပန်အကြောင်း ၅-တလုံး၊
၄။ အနာဂတ်အကျိုး ၅-တလုံး၊

ဤ ၅-လေးလုံးသည်၊ ပဋိစ္စ သမုပ္ပါဒ် သံသရာအတွက် အလွန် အရေးကြီးသော ၅-လေးလုံးဖြစ်သည်။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကြောင်းဖြစ်သော၊ ၅-နှစ်လုံးသည်၊ သံသရာစက်ကိုလည်စေသော သဘောတရားဖြစ်သည်။ ဘဝတိုင်း-ဘဝတိုင်း အမျိုးမျိုးသော ခန္ဓာအိမ်ကို ဆောက်ပေး၏၊ ယင်းကို လက်သမားဟုခေါ်သည်၊ ဗုဒ္ဓအလောင်းတော် ကြီးသည်လည်း လေးသင်္ချေကမ္ဘာတသိန်း တိုင်တိုင် ခန္ဓာကို ဆောက်လုပ်သည့် လက်သမားကို ဒါနသီလ သမထတို့ဖြင့် မနေမနားကြိုးစားရှာခဲ့၏ နောက်ဆုံးတွင် မဟာဗောဓိပလ္လင်မှာ သစ္စာလေးပါးကို သိမြင်သဖြင့် သစ္စာလေးပါးထဲတွင် ခန္ဓာအိမ်ကို ဆောက်လုပ်သည့် လက်သမားကို တွေ့ရလေသည်။ သည်တော်မှ ဗုဒ္ဓရှင်တော်မြတ်သည် ဂဟကာရ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ ခန္ဓာအိမ်ဆောက်လုပ်သည့်လက်သမား ရှာရင်း ဇာတိဒုက္ခကို အကြိမ်ကြိမ်ခံစားခဲ့ရပါသည်ဟု ဟောတော်မူသည်။ 'ဂဟကာရကဒိဋ္ဌောသိ' ခန္ဓာအိမ်ကို ဆောက်လုပ်သည့် လက်သမား တွေ့ပြီဟု ဥဒါန်းကျူးရင့်တော်မူ၏။

ထိုလက်သမားသည် ၅-လေးတို့တွင် မည်သူပါနည်းဟု ရှာသော် ယခုပစ္စက္ခအတွက် အတိတ်အကြောင်း ၅–နှင့်ရှေ့အနာဂတ် အတွက် ပစ္စုပ္ပန် အကြောင်း ၅-ဖြစ် လေသည်။ ဤအကြောင်းဖြစ်သော သဘောတရား ၅-ခုရှိနေလေသမျှ သံသရာကမလွတ်နိုင်ဟု မြဲမြဲမှတ်ပါ။

တရားကိုယ်မှာ

| | | | |
|---|---|---|---|
| ၁။ | တဏှာ | ၁၀၈) | |
| ၂။ | ဥပါဒါန် | ၄) | |
| ၃။ | ဘဝ | ၂) | အကြောင်း (၅) |
| ၄။ | အဝိဇ္ဇာ | ၄) | |
| ၅။ | သင်္ခါရ | ၃) | |

| | | |
|---|---|---|
| ၁။ | ဝိညာဏ် | |
| ၂။ | နာမ်ရုပ် ) | |
| ၃။ | သဠာယတန ) | အကျိုး (၅) |
| ၄။ | ဖဿ ) | |
| ၅။ | ဝေဒနာ ) | |

အကျိုးငါးပါး ဖြစ်သော ခန္ဓာအိမ်ကို အကြောင်းငါးပါး ဖြစ်သောခန္ဓာက သို့မဟုတ် လက်သမားက ဆောက်ပေးသည်ဟု မှတ်ပါ။

| | | |
|---|---|---|
| ၁။ | အကြောင်းခန္ဓာတပါး ) | ခန္ဓာဒွယ။ |
| ၂။ | အကျိုးခန္ဓာတပါး ) | |

အကြောင်းခန္ဓာသည် သံသရာစက်၌လည်၏။ အကျိုးခန္ဓာသည် ဝိပါတ်စက်၌လည်၏။ ။

အကြောင်းခန္ဓာ၏ အတွင်းမှာ ကိလေသ ဝဋ်နှင့် ကမ္မဝဋ်နှစ်ပါးရှိသည်။ အကျိုးခန္ဓာတခုလုံးမှာ ဝိပါက ဝဋ်သာရှိသည်။

ယင်းဝဋ်သုံးပါးဖြင့် သံသရာမှာ ကြင်လည်လေသည်၊ သံသရာ၏အဆုံး (သို့မဟုတ်) လောက၏အဆုံးသို့ ဆိုက်ရောက်လိုကြသော ဗောဓိအလောင်း အလျာများသည် အကြောင်းခန္ဓာဖြစ်သော လက်သမားကိုသာ သတ်ကြ၏။ အကျိုး ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့်သာ နေထိုင်တော်မူကြသည်။

## ဝဋ်သုံးပါးကိုပြဆိုခြင်း

| | | |
|---|---|---|
| ၁။ ကိလေသာဝဋ် | ) | |
| ၂။ ကမ္မဝဋ် | ) | ဝဋ်–သုံးပါး။ |
| ၃။ ဝိပါကဝဋ် | ) | |

ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရသည်။
ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရသည်။

| | | |
|---|---|---|
| ဝိပါကဝဋ်၌ အကျိုးဒုက္ခ | ) | ဒုက္ခဒွယ။ |
| ကိလေသာ ကမ္မဝဋ်၌အကြောင်းဒုက္ခ | ) | |

အနိစ္စ အနတ္တတို့မှာလည်း ထိုအတူမှတ်ပါ။

ကိလေသာဝဋ်နှင့် ကမ္မဝဋ်ကို သတ်လျှင် အကြောင်းသတ်တရားဖြစ်၍ ဇာတိချုပ်ငြိမ်းမည်။

ဝိပါကဝဋ်ကိုသတ်လျှင် အကျိုးတရားဖြစ်၍ အတ္တကိလမထ ဖြစ်မည်။

ရှင်းလင်းချက်။ ။ကိလေသာဝဋ်မှာ ဝိတိက္ကမ ကိလေသာ ပူပန်သဖြင့် လွန်ကျူးခြင်း၊ ပရိယုဋ္ဌာနကိလေသာ၊ မနောဝိညာဏ် ထကြွသောင်းကြမ်းသဖြင့်၊ စိတ်တွင်းမှ လူမသိအောင်လွန်ကျူး ခြင်း၊ အနုသယကိလေသာမှာ၊ သံသရာအဆက်ဆက်က ကိန်း အောင်းလာခဲ့သော ငြိမ်သက်သော မျိုးစေ့၊ ယင်းကိလေသာ သုံးမျိုးကို သတ်ဘို့ရန်မှာ အလွန်အရေးကြီးလှပေသည်။

ယခုခေတ် ယောဂီများမှာ ကိလေသာ သုံးမျိုးတို့တွင် ပရိယု ဋ္ဌာန ကိလေသာ၏ လှည့်စား ဖျားယောင်းချက်ကို မဂ်ဆိုက်ပြီ ထင်၍၊ အလွန့်အလွန် ဝမ်းသာ ဝမ်းမြောက်ကြသည်။ မိမိတို့၏ စိတ်သည် လှုပ်ရှားထကြွ သောင်းကြမ်းသော အဖြစ်သို့မရောက် သဖြင့်အထင်မှား အမြင်မှားဖြစ်ကြရသည်။ မဂ်ဖိုလ်ဆိုက်မဆိုက် စစ်တန်းထုတ်လျှင် သစ္စာဉာဏ်ကလေးမျှပင် မရကြချေ။ သစ္စာ ဉာဏ်သည် အရိယ သစ္စာလေးပါး၌ အကြောင်းသစ္စာ အကျိုး သစ္စာနှစ်ပါးကို ခွဲခြမ်းစိတ်ဖြာ၍ သိယုံမျှသာရှိသေး၏။ အလုပ် ဟုခေါ်သော လုပ်ငန်းခွင်သို့ မဆိုက်ရောက်သေးပေ။ ကိစ္စဉာဏ် သို့ ရောက်မှသာလျှင် လုပ်ငန်းဟုခေါ်ရသည်။

ဝီတိက္ကမ ကိလေသာကို သီလလုံခြုံလျှင် ကိစ္စပြီးနိုင်၏၊ ပရိယု ဋ္ဌာန ကိလေသာ၏ တွန်းကန်မှုကြောင့်၊ သီလတွေမျှပင် စောင့် ထားထား လွန်ကျူးရန် ဝန်မလေးတော့ပေ၊ စား-ဝတ်-နေရေး တခုခု အကျိုးရှိမည်ထင်လျှင် လွန်ကျူးတော့မည် အမှန်ဖြစ်၏။ အကျိုးသတ်တရားမှန်သမျှ ဤနည်းအတိုင်းပင် မှတ်သားစေခြင်

၏။ အတ္ထပဋိ သမ္ဘိဒါ အရာ၌ တည်ရှိသော တချို့သော အကျိုးတရားတို့သည် မည်မျှပင် ကျင့်ကြံအားထုတ်စေကာမူ၊ ပျက်စီးခြင်းသို့သာ ရှေ့ရှု့လျှက်ရှိ၏။

ဓမ္မပဋိသမ္ဘိဒါအရာ၌ တည်သော အကြောင်းတရား၏ ငြိမ်မှုသည်သာလျှင်၊ ပဓာနအစစ် ဖြစ်လေသည်။ အကြောင်းအစစ်သည် အနုသယအမြစ်ပါ ပြုတ်ရန် သပ္ပုရိသ သံသေဝထံသို့ကျိုးနွံစွာ ဆည်းကပ်၍၊ အစစ်အမှန် ဖြစ်သော မှုကိုမရ၊ ရအောင်သင်ယူရမည်။ အစစ်အမှန်ဖြစ်သောတရား တော်၏ မှုမှန်ကိုရခဲ့ပါလျှင် နည်းပေါင်း တထောင်သော်ရင်း၊ တသောင်းသော်ရင်း တသိန်းသော်ရင်း၊ တန်ဆာဆင်၍ ဉာဏ်၏ တိုးတက်မှုကို ရနိုင်၏။ အစစ်အမှန်ဖြစ်သောမှုကို မရခဲ့သည်ရှိသော် သမုဒ္ဒရာပင်လယ်ပြင်တွင် အိမ်မြှောင်မပါသောသင်္ဘောကဲ့သို့ ပင်လယ်တွင်းမှာ ချာလပတ်လည်၍သာ နေပေမည်။

ကျွန်ုပ်တို့သခင်ဘုရားရှင်သည် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့ကြံ၊ ပေါ့ပေါ့ကျင့်သော ဘုရားမဟုတ်ပေ၊ လေးလေးနက်နက် ကျင့်ကြံအားထုတ်သော ဘုရားဖြစ်ခဲ့ပေသည်။ ထိုဘုရားမှ ဟောတော်မူသောတရားသည် လေးနက်သော တရားဖြစ်၏။ အံဝင်ဂွင်ကျ ဖြစ်သော တရားတော်သာ ဖြစ်၏။ ဟိုတမျိုးသည် တမျိုးတရားမဟုတ်ပေ။ ဗုဒ္ဓရှင်တော်မြတ်တရား အားထုတ်သောအခါ ဤတရားသည် မဂ်ဖိုလ်ဆိုက်နိုင်သော တရားမဟုတ်သေး၊ ဤတရားကား.... ကိလေသာတရားတည်း၊ ဤတရားကား လောကမှလွတ်မြောက်သော တရားတည်းဟု အကြမ်းဖြင်းသိတော်မူသည်။ နောက်ဆုံး ဘုရားဖြစ်သော အချိန်တွင်

ပြတ်သားစွာမှုကိုချလိုက်ပါတော့သည်။ ယင်းသည်ကား တခြား မဟုတ်၊ လွန်ကဲသောအကျင့်ကိုကျင့်လည်း သံသရာကမလွတ်နိုင်၊ ရောရဲသောအကျင့်ကိုကျင့်လျှင်လည်း သံသရာကမလွတ်နိုင်ဟူ၍ (သံသာရိနှင့်သန္ဓာဝိသံ) ကိုကျူးရင့်တော်မူခဲ့လေသည်။

ဆိုလိုရင်းမှာ နောက်သို့တွန့်ဆုတ်သော သံသာရိ၊ ရှေ့သို့ အလွန်ပြေးနေသော သန္ဓာဝိသံ၊ ဤအကျင့်နှစ်ပါးကို ပြတ်ပြတ် သားသား မသိသေးသောကြောင့် ဇာတိဒုက္ခကို အဖန်ဖန် ခံစား ခဲ့ရ၏။ ယခုမှာမူ ဤအကျင့် နှစ်ပါးသည် သံသရာက လွတ် ကြောင်းတရားများမဟုတ်၊ ဇာတိဒုက္ခကိုဖြစ်စေတတ်သော ဗိသု ကာ လက်သမားကြီးများသာ ဖြစ်ချေသည်၊ သို့အတွက် နောက် ဆုတ်သော အစွန်းတဖက်၊ ရှေ့သို့ လွန်နေသော အစွန်းတဖက်၊ ဤနှစ်ဖက်သော အစွန်းများကို မထိမခိုက်မိစေဘဲ၊ အလည်တိတိ ကျသော မဇ္ဈိမပဋိပဒါအကျင့်ကို ကျင့်သုံးမှသာလျှင် သံသရာက လွတ်မြောက်ကြောင်းတရား အစစ်အမှန်ဟု ပဌမအဆင့်၌ မှုကို ချမှတ်ခဲ့ခြင်း။

ဒုတိယချမှတ်သောမှုမှာ— ကိုလေသာဝဋ်နှင့် ကမ္မဝဋ်နှစ်ပါး ကိန်းအောင်းသော အကြောင်း ခန္ဓာတပါး၊ ဝိပါကဝဋ် ကိန်း အောင်းသော အကျိုးခန္ဓာတပါး၊ ဤခန္ဓာနှစ်ပါး ဒွယကို ကြောင်းကျိုးပြ၍ အကြောင်း သတ်လျှင် အကျိုး ရပ်မည်ဟု ဒုတိယမှုကို ချမှတ်ခဲ့ခြင်း။

ဤမှုနှစ်ပါးကိုမသိဘဲ(တရားရှာကိုယ်မှာ)ဆိုတဲ့သဘောထား ဖြင့် ဤခန္ဓာကိုယ်ကြီးမှာရှိနေတဲ့ ဓာတ်ပရမတ် တွေဟာ တရား တွေဘဲဟု လျှော့နံ့ဒါးထစ် မှတ်ပြီး၊ ငွေလိုချင်လို့၊ ချစ်တီ ရှာ ဘိုးသူတော်နှင့်တွေ့ ဆိုသလို ငွေမရတဲ့ပြင် မိမိအိတ်ထဲက ပါ

သွားမှာလဲ ဥာဏ်မမြင်လျှင်တော့၊ လောကကြီးမှာ အရှုံးကြီး ရှုံးပြီလို့သာမှတ်ပေတော့။ ထိုကြောင့် ကိလေသာဝဋ်နှင့် ကမ္မဝဋ်နှစ်ပါးကြောင့် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ တည်းဟူသော ဝိပါက ဒုက္ခဘေးကြီးတွေ ဆက်ခါဆက်ခါ မျက်ရည် စက်လက်နှင့် နခမ်းမသတ်နိုင်အောင် လူးလိမ့်ပြီး ခံနေကြရ၏။ ကိလေသာဝဋ်ကိုသတ်လျှင် ကမ္မဝဋ်က အလိုလို ကိစ္စပြီးသည်။

ကိလေသာဝဋ်က ဘဝ အဆက်ဆက် ကိန်းအောင်း လာခဲ့သော အနုသယမျိုးကို ခေါ်သည်၊ ကမ္မဝဋ်က အကုသိုလ် ကမ္မ ၁၂၊ ကုသိုလ်ကမ္မ ၈။ မဟဂ္ဂုတ်ကုသိုလ်ကမ္မ ၉၊ပေါင်း ၂၉-ပါးသော ကမ္မပစ္စည်းတပ်သော လောကီကုသိုလ်မျိုးကိုဆိုသည်။ သို့သော်လည်း မိမိကိုယ်တိုင်က လောကီကုသိုလ်မျိုးတွေကို စိတ်ရော ကိုယ်ပါ ပြုလုပ်နေခြင်းကျိုးကို ကမ္မဝဋ်ဆိုလိုသည် မဟုတ်။ ဘဝနိကန္တိတဏှာ အာသဝယိုစီး၍၊ ပြုလုပ်ခြင်း မျိုးကိုသာလျှင် ကမ္မဝဋ်ဆိုသည်။ အသျှင်သာရိပုတ္တရာက ဘုရားရှင်ကို သက်န်းလှူခြင်းမျိုးနှင့် ကမ္မဝဋ်မဖြစ်၊ အဘယ်ကြောင့်နည်း—ကိလေသာဝဋ်မရှိသောကြောင့်တည်း။

ဝိသာခါသောတာပန်အမျိုးသမီးသည် ပုဗ္ဗာရုံကျောင်းတော်ကြီးကိုဆောက်လုပ်လှူဒါန်းရာ၌ ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိနှင့် ယှဉ်သော ကမ္မဝဋ်သာမဖြစ်သည်။ ဝိပ္ပယုတ်ဖြစ်သော ကမ္မဝဋ်ကား ဖြစ်သေး၏။ ဝိပ္ပယုတ်ဖြစ်သော ကမ္မဝဋ်မှာ မာနနှင့် ယှဉ်သည် ဖြစ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်မှ ပြတ်လေသည်။ ကမ္မဝဋ်သည် ကိလေသာဝဋ်ရှိသောကြောင့်သာဖြစ်သည်။ ရဟန္တာ အရှင်မြတ်များမှာ ကိလေသာဝဋ် မရှိသောကြောင့် ဒါန-သီလ-

သမထတရားတို့ကို ပြုလုပ်၍နေကြသော ကမ္မဝဋ်မဖြစ်တော့ပေ၊ ပြုလုပ်မှုတိုင်း ကမ္မဝဋ်မဖြစ်လျှင် ဇာတိဒုက္ခ စသော ဒုက္ခဘေး ဆိုးကြီးတို့မှ လွတ်မြောက်တော့သည်သာ မှတ်ပါ။ ဤကား အကြောင်း ခန္ဓာ ၅-ပါး၌ အကျဉ်းပြခြင်းပေတည်း။

## ဝိပါကဝဋ်ကို ပြဆိုခြင်း

"ဣဒါနိဖလပဉ္စကံ" ဤပစ္စုပ္ပန် ဘဝ၌ ဇာတိဒုက္ခ ဖြစ်လာရခြင်းသည်။ အတီတေမောတဝေ ါပဉ္စ" ကြောင့်မှတ်ပါ။ အတိတ်အကြောင်းငါးပါးကြောင့်ဟုဆိုလိုသည်။ ယခုပစ္စက္ခမှာလဲ အနာဂတ်အတွက် ဇာတိဒုက္ခကို ဖြစ်စေနိုင်တဲ့'တဏှာ-ဥပါဒါန်-ဘဝ-အဝိဇ္ဇာ-သင်္ခါရ'အကြောင်းငါးပါးကို ဝိပဿနာဉာဏ်ဖြင့် မရှုဘဲ၊ မသတ်ဘဲ တလွဲချော်၍သတ်နေပါလျှင် အနာဂတ် ဘဝ၌ 'အာယတိံ ဖလပဉ္စကံ'ဆိုတဲ့အတိုင်း ဇာတိဒုက္ခ ဖြစ်အုံးမှာဘဲ (တလွဲချော်သတ်)ဆိုသည်မှာ၊ ဝိပါက် ရုပ်နှင့် ပရမတ္ထ အစစ် ဝိဉာဏ်များကို ဆိုလိုသည်။

(၁) ဓာတ်ကြီး လေးပါးနှင့် အာကာသဓာတ်- ပရမတ္ထ ဝိဉာဏ်၊ ယင်းခြောက်ပါးသော ဓာတ်ပရမတ်တို့သည် ပိုင်းခြား၍ သိရုံမျှသာ အမှန်သိဖြင့် သိမြင်ရမည် ဖြစ်သော ပရိညေယျ တရားများသာဖြစ်သည်၊ အပ္ပဟာတဗ္ဗ၊ မပယ်ရ။

(၂) ထိုခြောက်ပါးသော ဓာတ်ကိုမှီ၍ဖြစ်သော၊ ဥပါဒါယ ရုပ်နှင့်နာမ်တို့သည် ပရမတ္ထဓမ္မာရုံတရားများဖြစ်၍ ရှုလဲရှု၊ ပယ်လဲပယ်ရမည် အဘိညေယျ တရားဖြစ်သည်။

(၃) တမလွန်ဘဝသို့လွှတ်သော နာမ်ဝိဉာဏ်နှင့်တူစွာ-သုည အစစ်ဖြစ်သော မိစ္ဆာဓမ္မာရုံ ရုပ်တို့ကို အာသဝယိုစီး၍ ကမ္မဝဋ်ကို ပြုလုပ်ခြင်းစသော ဥပါဒါန် ဦးစီးသော အရာမျိုးကိုတော့ ဗုဒ္ဓ ကိုယ်တိုင်က အနည်းငယ်မျှ မလိုလားချေ။ ဤကဲ့သို့ သုံးဌာန ခွဲခြား၍ သိရမည်၊ နောက်ပိုင်းက ရှင်းပြခဲ့သော အရိယ သစ္စာ နည်းတို့ကဲ့သို့ မရှုပ်မထွေးရ။ သူ့နည်းနှင့်သူ ကြံစည်ရာ၏။ အ ရောရော အနှောနှော ကြံစည်ခဲ့လျှင်၊ ပဋိသမ္ဘိဒါဉာဏ် (ကမောက်ကမ)ဖြစ်၍ သံသရာမကင်းအောင်ဖြစ်ပြီး (ပိုးသာကုန် မောင်ပုံ စောင်းမတတ်)ဖြစ်လိမ့်မည်ကို သတိပြုပါ။

မှတ်ချက်။ ။ဤဝဋ်သုံးပါး၌ 'ကိလေသာဝဋ်-ကမ္မဝဋ်-ဝိပါ ကဝဋ်'ဟု သုံးမျိုးရှိရာတွင် ဝဋ္ဋသဒ္ဒါသည်၊ အဘယ် အရာကို ဟောသနည်း......

၁။ ဝဋ္ဋခါကုက-ဝဋ္ဋ-လှည့်လည်ခြင်းသံသရာ၊ ခါကုက—သစ်ငုတ်။

၂။ ဝဋ္ဋဒုက္ခ= ဝဋ္ဋ+ ဒုက္ခ= ဝဋ္ဋ= လှည့်လည်ခြင်း သံသရာ၊ ဒုက္ခ—ဆင်းရဲခြင်း။

၃။ ဝဋ္ဋနိဿိတ— ဝဋ္ဋ+နိဿိတ=ဝဋ္ဋ=လှည့်လည်း ခြင်းသံသရာနိဿိတ-မှီခြင်း။

၄။ ဝဋ္ဋမူလ= ဝဋ္ဋ+မူလ= ဝဋ္ဋ= လှည့်လည်ခြင်း သံသရာ၊ မူလ-အဝိဇ္ဇာတဏှာဟူသောအမြင်။

ဝိပါကဝဋ်၌ ဝိပါကတပုဒ်၊ ဝဋ်တပုဒ်ခွဲ၍၊ ဝိပါက-ဝိပါက်အကျိုးတရား၊ ဝဋ်-လှည့်လည်ခြင်း၊ အဓိပ္ပာယ်မှာ ဤခန္ဓာအကျိုးကြီးသည် သံသရာထဲမှာ လှည့်လည်နေသည်ဟု ဆိုလိုသည်။

ရှင်းလင်းချက်။ ။ဤခန္ဓာ အကျိုးတရား ဖြစ်သော ဝဋ်ကောင်ကြီးသည် သံသရာထဲမှာ လှည့်လည်နေရသည်ဟုဆိုသော စကားကို ထောက်လျှင်၊ ဝဋ်ကောင်နှင့်သံသရာသည် တခြားစီဖြစ်နေ၏။

ဥပမာ။ ။ဥပသကာတွေ မြို့ထဲ လှည့်လည်နေကြသည်ဟူ၍ရင်း၊ လေယာဉ်ပျံသည်ကောင်းကင်မှာ လှည့်လည် နေသည်ဟူ၍ရင်း၊ ပြောဆိုကြသောစကား၌ ဥပသကာ တခြား၊ မြို့တခြား၊ လေယာဉ်ပျံ တခြား၊ ကောင်းကင် တခြား ဖြစ်ဘိ သကဲ့သို့ ထို့အတူပင် ဝဋ်ကောင် တခြား၊ သံသရာ တခြား ဖြစ်သည်ကို သတိပြု ရမည်။ ထို့ကြောင့် အကျိုးဖလ ခန္ဓာငါးပါး တခြား၊ အကြောင်းဟေတုခန္ဓာငါးပါးတခြားဟု နှစ်ဌာန ခွဲ၍ယူရမည်။ သို့မှသာ ဝိဘင်းအဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ လာသော အာသဝဒုက္ခနှင့် အနာသဝဒုက္ခနှစ်မျိုး ကွဲကွဲပြားပြား သိမည်။ ခန္ဓာဒွယဟူသော စကားသည်လည်း ထင်ရှားတော့၏။ ဘုရားရှင်သည်သည်း ပဉ္စက္ခန္ဓာဟူ၍ရင်း၊ ပဉ္စုပါဒါနက္ခန္ဓာ ဟူ၍ရင်း၊ နိကာယ်အရပ်ရပ်တို့တွင် ဟောဘော်မူခဲ့လေသည်။

သည်တော့ ဝဋ်ကောင်နှင့် သံသရာမှာ သဘာဝ တမျိုးစီဖြစ်၍ အကြောင်းခန္ဓာကို သံသရာမှတ်၊ အကျိုးခန္ဓာ ဝိပါက

ကို သံသရာတွင်းမှာလည်နေသောဘူတရုပ်ကြီးလေးပါးနှင့်တကွ ပရမတ္ထခန္ဓာမှတ်ပါ။ ခဏငယ် သုံးချက်ရှိ၏။ အကြောင်း ခန္ဓာ သံသရာမှာ ဖြစ်ပျက်သာရှိသည်။ ဖြစ်ပျက်ဆုံးလျှင်နိဗ္ဗာန်ဟု ဆိုကြသော စကားအရ အကြောင်းခန္ဓာ သံသရာ ဆုံးလျှင် ငြိမ်းချမ်းရေးရ၍ နိဗ္ဗာနသဒ္ဒါ အကြောင်း ငြိမ်းသည်ကို ခေါ်သည်။

ဋီကာဆရာကလည်း အထူးသတိပေးသေးသည်။

ခဏတ္တယဘင်္ဂေါ အတိလဟုကော ဗုဒ္ဓါနံယေဝ

ဝိသယော သာဝကာနံ နဝိသယော။

ခဏတ္တယဘင်္ဂေါ၊ ဥပါဒ် ဌီ--ဘင် ဟူသော ခဏငယ် သုံးချက်နှင့် ဖြစ်-တည်-ပျက် နေသော သင်္ခါရတရားသည်။ အတိလဟုကော လက်ဖြစ်တတွက်မှာ ကုဋေ တသိန်းရှိသဖြင့် အလွန်လျှင်မြန်၏။ ဗုဒ္ဓါနံယေဝ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည်သာလျှင်၊ ဝိသယော၊ အာရုံပြုနိုင်၏။ သာဝကာနံ၊ သာဝကတို့၏၊ နဝိသယော၊ အရာမဟုတ်၊ အာရုံမပြုနိုင်။

ဤကဲ့သို့ ဋီကာအသျှင်မြတ်၏ ထောက်ခံချက် သည်သည်းလေးနက် မှန်ကန်လှပါပေ၏။

## အဝိဇ္ဇာဖြစ်ပုံကိုပြခြင်း။

၁။ ဒုက္ခအညာဏံ အဝိဇ္ဇာ။

၂။ ဒုက္ခသမုဒယေ အညာဏံ အဝိဇ္ဇာ။

၃။ ဒုက္ခနိရောဓေ အညာဏံ အဝိဇ္ဇာ။

၄။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ အညာဏံ အဝိဇ္ဇာ။

၁။ အကျိုးဒုက္ခကိုမသိခြင်း။ အကြောင်းဒုက္ခမသိခြင်း။

၂။ အကျိုးဒုက္ခဟူသမျှ အကြောင်းကြောင့် ဖြစ်ရသည်ကို မသိခြင်း။

၃။ အကြောင်းဒုက္ခ ချုပ်ငြိမ်းလျှင် အကျိုးဒုက္ခကအလိုလို ချုပ်ရသည်ကို မသိခြင်း။

၄။ အကြောင်းဒုက္ခချုပ်ငြိမ်းကြောင်းဖြစ်တဲ့ ပဋိပတ်လုပ်ငန်းစဉ်ကို မသိခြင်း။

အထက်လေးချက်သည် အမှန်တရားကို မသိသဖြင့် အဝိဇ္ဇာလေးပါး ဖြစ်ရ၏။ သိလျှင် ဝိဇ္ဇာဉာဏ်ပင် ဖြစ်တော့သည်။

ဓမ္မစကြာ ပါဠိတော်လာ ဒုက္ခတို့သည် အရိယ သစ္စာဟု ဆိုထား၏။ အဘယ်ပုံအဘယ်နည်း ယူဆ၍ အရိယသစ္စာ ဖြစ်ပါသနည်းဟု ယူဆရန် မလွယ်ကူလှချေ။ မှန်ကန်ပြည့်စင်သော အရိယာတို့၏ ဉာဏ်အမြင် ရှင်းလင်းမှုသာ အရိယသစ္စာ ဖြစ်ကြောင်းကို သိပါလိမ့်မည်။ အသျှင်ဥပတိဿ သောတာပန်ဖြစ်သော တရားကို ပြန်၍လေ့လာပါ။

"ယေဓမ္မာ ဟေတုပ္ပဘဝါ"

ယေဓမ္မာ၊ အကြောင်းအကျိုးတရားဖြစ်သော ဇာတိဒုက္ခ အစ ရှိသည် တို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်း သမုဒယသစ္စာ ကြောင့် ဖြစ်လာရကုန်၏။

ယင်းဝါကျ၌ အကြောင်းကိုမြင်သောဉာဏ်သည်၊ ဓမ္မပစ္စ သမ္ဘဒါဉာဏ်ဖြစ်၏။ ဇာတိစသော အကျိုးဒုက္ခကို မြင်လျှင် အတ္ထပစ္စ သမ္ဘဒါ ဉာဏ် မည်၏။ အကျိုးသည် အကြောင်း ကြောင့်သာ ဖြစ်ရ၏။ အကြောင်း ချုပ်ငြိမ်းလျှင် အကျိုး ဖြစ် ပေါ်မှု မရှိကြောင်းကို အတပ်ဧကန်, အမှန်သိတော့၏။ ဓမ္မ တော ရမ်းလည်းတွေ့ကရာ မလုပ်တော့ပေ။

ဥပမာ။ ။သရက်ပင်ဖြစ်ရန် သရက်စေ့သည် ပဓာန ဖြစ် ၏။ ယင်းသရက်စေ့ကို ရေနွေးနှင့် မျိုးစေ့ပျက်အောင် ပြုတ် ပေးလိုက်လျှင် သရက်ပင် မပေါက်နိုင်တော့ပေ။ မျိုးစေ့ ပျက် သွားသောကြောင့်ပေတည်း။ ခန္ဓာငါးပါးကတော့ ရေနွေးပြုတ် လို့ မရပါ။ စေးကပ်သောတဏှာအာရုံကို မဂ်ဉာဏ်ဖြင့် ဖြတ် တောက်မှသာလျှင် ဇာတိမျိုးစေ့ ပျက်နိုင်ပါသည်။

ယင်းကဲ့သို့ ဇာတိအစရှိသော အကျိုးဒုက္ခများတွေကို ဖြူစင် သောအသိဉာဏ်မှ မှန်ကန်သောအသိဉာဏ်တို့ဖြင့် မြင်နေရခြင်း သည်ပင်လျှင် အရိယသစ္စာဟုဆိုရသည်။ ယင်းဇာတိကို အကျိုး မှန်းမသိ၊အကြောင်းမှန်းမသိ၊ ကလလ ရေကြည်က မည်မျှ၊ အ မြှုပ်က မည်မျှ၊ သားတစ်က မည်မျှ၊ ခက်မငါးဖြာက မည်မျှ၊ ၎င်းနောက် ဆံ-အမွေး-ခြေသည်း- လက်သည်း- သွား- အရေထူ-

အရေပါး-စသော ခန္ဓာကိုယ်တခုလုံး ရှိသမျှဟာတွေကို သိချင်တိုင်းသိနေသော်လည်း အရိယာအမြင်ဖြင့် သိနေသည် မဟုတ်၊ လောကအမြင်ဖြင့် သိနေခြင်းမျှသာ ဖြစ်သည်။

ဇရာဒုက္ခမှာလည်း ထို့အတူပင် သွားကျိုး- ဆံဖြူ- ခါးကိုင်း- နားထိုင်းပြီး အရိုးပဒေသာအဖြစ်ကို ကိုယ်တွေ့ခံစားနေရသဖြင့် အိုရခြင်းဆင်းရဲကို အဖိုးအို-အမယ်အိုတို့သည် လက်တွေ့ခံစားနေရတာကို သိရှိပြီးဖြစ်ကြသည်။

ဗျာဓိဒုက္ခမှာ ကိုးဆယ့်ခြောက်ဖြာ အနာဟူသမျှကိုမည်သူမျှ မခံစားလို၊ မဖြစ်ခင်ကပင် တွေး၍ ကြောက်ကြ လန့်ကြ၏။ ဖြစ်လာပြန်တော့လည်း ဆရာခေါ်သူကခေါ်၊ ဆေးရုံ တက်သူကတက်၊ ခွဲသူခွဲ၊စိပ်သူစိပ်၊ ဖြတ်သူဖြတ်၊ လှီးသူကလှီးနှင့် အမျိုးမျိုးကျန်းမာအောင် ငွေကုန်ကြေးကြခံ၍ ကုမကြသည်၊ ဤအရာတို့မှာ အရိယာဖြစ်မှသိသည်မဟုတ်၊ လူသား အမျိုးမျိုးတို့ သိနေကြသော အသိဖြစ်သည်။

မရဏဒုက္ခမှာ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်နှင့် မရဏာသန္နဇောငါးကြိမ်တွင် သေခါနီးကာလ စုတိကျတော့မည့်ဆဲဆဲမှာ လက်ရှိ ဘဝကို စွန့်၍ ဘဝသစ်ကို ကူးခါနီး၊ ကံအားလျော်စွာ အမိဝမ်းရေကိုထင်ခဲ့လျှင် လူ့ဘဝရင်းစား ရနိုင်သေး၏။ တောတွေတောင်တွေထင်ခဲ့လျှင်တော့ တိရစ္ဆာန် ဘဝကို သွားပြီလို့သာ စိတ်ချပေတော့၊ မှောင်အတိပြီးသော အမိုက်တိုက်ကြီးများထင်လာလျှင် ပြိတ္တာနှင့် ကြိမ်းသေဘဲ။ မီးလျှံများ ထင်လာယင်တော့၊ ငရဲ သိန်းဆုကြီးနှင့်တိုးပြီလို့သာ မှတ်ပေတော့။ သည်တော့မရဏဒုက္ခမှာသေသူကိုယ်တိုင် ကွက်ကွက်ကွင်းကွင်းကြီး သိထားသောကြောင့် ကိုယ်တိုင်ခံစားရတာကို ထင်ထင်ရှားရှားကြီး

သိရပါသော်လည်း ကျန်ရစ်ခဲ့သူများကိုပြန်လည်၍ မပြောတော့ပါပေ။ သို့အတွက် လူမှန်သမျှ မည်သူမှ သေချင်သောစိတ် မရှိကြပေ။ သေရမှာကို အလွန်ပင် ကြောက်ကြလန့်ကြသည်။

## အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ

မချစ်မနှစ်သက်သောသူတို့နှင့် တအိမ်ထဲနေရခြင်း၊ တရွာထဲနေရခြင်း၊ တရပ်ထဲနေရခြင်း အစရှိသော ဆင်းရဲသည် မြင်ရာမှာလဲ ဆင်းရဲ၊ ကြားရာမှာလဲဆင်းရဲအစရှိသော ဆင်းရဲတို့သည် ဗုဒ္ဓဘာသာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အားလုံးပင်ပုထုဇဉ်လဲသိ၊ အရိယာလဲသိ၊ ဤကဲ့သို့ သိနေကြတာဟာ ဆင်းရဲကိုသိနေကြတာပါဘဲ။

လောကီပညာရှိ ကဝိ ပဏ္ဍိတ်တို့သည်လည်း တောဘူမကကို ဒုက္ခလို့ သိကြသည်အတွက် အရဟတ္တဇေဆင်မြန်း၍ ရှင်ရဟန်းအဖြစ်သို့ ပြောင်း သူက ပြောင်း၊ ဤကဲ့သို့သော အကြောင်းကြောင်းတွေဟာလဲ ဒုက္ခတွေပါဘဲ။

## ပိယေဟိဝိပ္ပယောဂ ဒုက္ခ

ချစ်သောသူနှင့် ကွေကွင်းကင်းကွာ၊ တရပ်တရွာ၊ တမြို့တကြေး၊ တတိုင်းတပြေ ရှင်ကွဲ သေကွဲ အနန်နဲအတန်တန် မိမိတို့၏ ချစ်သောသူနှင့် ဝေးကွာ၍ နေရခြင်းသည် တချို့မှာ ရေထဲ

ဆင်း၍ သေလိုသေ၊ အဆိပ်သောက်ပြီး သေသူက မရှား၊ မိပဋ္ဌာ ဒုက္ခိတမှာတော့ အားလုံးပင်သေကွဲ ကွဲချလို့ ခြောက်လောင်းပြိုင် အသေဆိုးကြတဲ့ မိစ္ဆာဓမ္မာရုံတွေကို တစိမ့်စိမ့်တွေးတွေးပြီး ရင်တဲမှာလေးလွန်းလို့၊ မဖြေနိုင်၊ မဆည်နိုင်၊ နှစ်လုံးဆိုင် သည်းအူပွက်၍ မီးပူချက် အကျနာသဖြင့်၊ မပဋ္ဌာ မြေမှာလူးပြီး၊ သေနာရှုး ဥမ္မတ္တက-ကလေး ဖြစ်ရတာလဲ ကိုယ်တွေ့ဒုက္ခပါဘဲ။ ထိုဒုက္ခဟာလဲ အနုပုထုဇဥ်ဘဝက သိထားတဲ့ဒုက္ခမို့ မထူးဆန်းလှသေးပေ။

## ယံပိစ္ဆံနလဘတိဒုက္ခ

အကြင်အလိုရှိအပ်တဲ့ အရာဝတ္ထု တခုခုကို မရပြန်လျှင်လဲ ဒုက္ခဘဲ၊ လူတိုင်းလူတိုင်း လိုချင်တာတွေက များလွန်းလို့ အကျယ်မပြောပါရစေနှင့်တော့ ယောဂီတို့၊ မိမိလိုချင်တာတွေကိုသာ တွေးတွေးပြီး ဒုက္ခဝေဒနာတွေကိုသာ ခံစားကြပေတော့၊ အဲဒါလဲ ထင်ရှားတဲ့ ကိုယ်တွေ့ဒုက္ခကြီးပါဘဲ။ နောက်ဆုံး ဒုက္ခကတော့-

## သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ

ဂဟဏုပါဒါန်အားဖြင့် ဥပါဒါန် အစွဲ လေးချက်ကြောင့် ဖြစ်ပေါ်လာတဲ့ ပဉ္စုပ္ပန်ဓမ္မာရုံတွေဟာ တကယ့်ကို အနှိပ်စက်ကြီး နှိပ်စက်ကြပြန်သဖြင့် ပျားအုံကို ဒုတ်နှင့်ထိုးသလို ရိုးတိုးရွတဖြစ်ပြီး အနေရခက် အထိုင်ရခက်နှင့် အစွဲဒုက္ခကြီးနှင့် ခဏမစဲ တွေ့ရပြန်တော့တာဘဲ။

ယင်း၀ါကျ၌ သံဂါယနာတင် ဆရာများက အရေးကြီးတဲ့ သေရေးရှင်ရေး ဒုက္ခကြီးကို ထိပ်ဆုံးက(သံခိတ္တေန)ဟုပြသဖြင့် (စာရေးသူသည်) အတော်ကလေး ၀မ်းနည်းမိပါ၏။ သို့သော် ရှိစေတော့၊ တခြားသော နိကာယ်များက (ဝိတ္ထာရေန) လုပ် ထားကြသောကြောင့်၊ အနှိုဘက်ကို ဦးလှည့်ရတော့မှာဘဲ။

## တတိယတွဲ စာစောင်ကို မြှော်ပါ။

၉-တွဲအထိ လူ့ဒါန်းထုတ်ဝေပါမည်။

ပဌမတွဲ သောတာပန်အလင်း စာစောင်ကို ကြည့်ရှုလိုပါက (ဗုဒ္ဓသာသနာ့အလင်းစာစောင်) ၄၀၈- ရွှေဘုံသာလမ်း- ရန်ကုန်သို့ နှစ်ကြေး ၁၁ လူ့ဒါန်းရှိမှာကြားဘတ်ရှုကြပါရန်။

# သောတာပန်အလင်းကျမ်း

# များကို

## နဝမတွဲအထိ ထုတ်ဝေလှူဒါန်းမည်ဖြစ်ရာ

## ရိုက်နှိပ်ထုတ်ဝေနိုင်ရန်

စေတနာရှင်များကိုလည်း အလွန်လိုအပ်လျက်ရှိပါကြောင်း

သို့ပါ၍

# တတိယတွဲကို

## ဆက်လက်ထုတ်ဝေနိုင်ပါရန်

ဓမ္မဒါနလှူဒါန်းပူဇော် ကုသိုလ်ပါဝင်တော်မူကြပါရန်

မေတ္တာရပ်ခံအပ်ပါသည်။

ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်

မြန်မာနိုင်ငံလုံးဆိုင်ရာ

ထေရဝါဒသာသနာ့ မာမကအဖွဲ့ချုပ်ကြီး

မှ

ကြီးမှူး၍

# သောတာပန်အလင်းကျမ်း

# ဒုတိယတွဲ

ကို

ထုတ်ဝေဖြန့်ချီ၍ လှူဒါန်းအပ်ပါသည်။

သာသနာသက္ကရာဇ် ၂၅၁၂-ခုနှစ်
ကောဇာသက္ကရာဇ် ၁၃၃၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော်
၃-ရက် (၁၁-၉-၆၈) တနင်္ဂနွေနေ့တွင်
စတင်တည်ထောင်ခဲ့သော
ကျွန်ုပ်တို့၏
မြန်မာနိုင်ငံလုံးဆိုင်ရာ
ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်ကြီးမှ
ဗုဒ္ဓသျှင်တော်မြတ်ကြီး၏မမွဝိနယဒေသနာတော်များကို
ပြုပ္ပဏာမဘက် ထေရဝါဒသက်သက်ဖြင့်သာ
ယောဂီတို့၏ ဝိုင်းဝန်း ကူညီခြင်းဖြင့်
အဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း
ကြိုတင်ပန်ကြားအပ်ပါသည်။

# သောတာပန်အလင်းကျမ်း
# ပဌမတွဲမှာ

**လုံးဝလက်ကျန်မရှိအောင်ကုန်ပြီဖြစ်ရာ**

တတ်ခွင့်မကြုံကြိုက်ရသော ယောဂီအပေါင်းတို့သည်
ဦးစီအယ်ဒီတာချုပ် ဒေါက်တာဦးရန်ရှင်း
အကျိုးဆောင်စာတည်း ဦးခင်မောင်လင်းတို့၏
တောင်းပန်ချက်အရ
လစဉ် လပြည့်နေ့တိုင်း ထုတ်ဝေသော

# ဗုဒ္ဓသာသနာ့အလင်းလစဉ်စာစောင်

**အတွဲ(၃) အမှတ်(၆)မှ**

စတင်ဖေါ်ပြပြီးဖြစ်ရာ
ဗဟိုဌာနချုပ် အမှတ်(၄၀၇)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့
(ဖုံး-၁၅၀၂၀-သို့)
မှာယူတော်မူ၍ လေ့လာဆည်းပူး တော်မူကြရန်
ဖေါ်ပြအပ်ပါသည်။

ဗုဒ္ဓနှင့်ပြဟ္မဏဝါဒ

# ရန်ကုန်မြို့ ဆူးလေဓမ္မကထိက ဆရာကြီး

# ဦးမြင့်သိန်း

၏

ရေးသားစီစဉ်အပ်သော

# အတိဂမ္ဘီရသဘာဝစွယ်စုံကျမ်း

ကို

ဖတ်ရှုတော်မူကြပါကုန်လော

နောက်မကြာခင်

အခွင့်အခါသင့်လျှင် ပေါ်ထွက်လာမည်ဖြစ်သော

# အဘိဓမ္မာ တဒ္ဒိပနီကျမ်း

ကို

စောင့်မျှော်ဘတ်ရှုတော်မူပါရန်

သောတာပန်အလင်းကျမ်း

ပ-ဒု-တွဲများကို

ရိုက်နှိပ်ထုတ်ဝေ ဓမ္မဒါန်

ပြုလိုသူများပေါ်ပေါက်ပါက

ထေရဝါဒသာသနာ့မာမကအဖွဲ့ချုပ်သို့ဆက်သွယ်တော်မူကြပါ

အဖွဲ့ချုပ် ဝိနာယကကြီးဖြစ်သော

ဆရာကြီး ဦးမြင့်သိန်း၏

သဘောတူညီချက်ဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း။

ခွင့်ပြုချက်မရဘဲ

တဆင့်ကူးယူပုံနှိပ်ခြင်းကို လေးနက်စွာဘားမြစ်ပါသည်။

မောရစ်တီစာပုံနှိပ်တိုက်
အမှတ် ၆၇-ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။